# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

နိုင်ငံ့ဝန်ထမ်းများထဲမှ အရည်အချင်းရှိသော်လည်း မီးခဲပြာဖုံးဖြစ်နေသည့်

လူစွမ်းအား အရင်းအမြစ်များ၊ လူကောင်း၊ လူတော်များ

ဖော်ထုတ်နိုင်ရေးအတွက် ရည်ရွယ်၍ ကျင်းပပြုလုပ်သော

အလုပ်ရုံဆွေးနွေးပွဲမှတ်တမ်း

အမှတ်စဉ် – (၂)

# မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ

နေပြည်တော်

၄+–၁၂–၂၀၂၁ ခုနှစ်

မာတိကာ


| **စဉ်** | **အကြောင်းအရာ** | **စာမျက်နှာ** |
| --- | --- | --- |
| ၁ | အလုပ်ရုံဆွေးနွေးပွဲအစီအစဉ် | ၁ |
| ၂ | အလုပ်ရုံဆွေးနွေးပွဲတွင်ပြောကြားသော ပြည်ထောင်စုဝန်ကြီး၏ အဖွင့်အမှာစကား | ၂-၇ |
| ၃ | ပြည်ထောင်စုဝန်ကြီး၏ နိဂုံးချုပ်အမှာစကား | ၈-၉ |
| ၄ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး ဦးနောင်နောင်လင်းအောင်မှ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့ ဖွဲ့စည်းရေးအတွက် ဥပဒေ၊ မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များကို အခြားနိုင်ငံများ၏ Tourism Board ဖွဲ့စည်းထားမှုများနှင့် နှိုင်းယှဉ်၍ Power Point Presentation ဖြင့် ဆွေးနွေးတင်ပြခြင်း | ၁၀-၂၇ |
| ၅ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF) မှ အထွေထွေ အတွင်းရေးမှူး၊ ဦးကြည်သိန်းကိုမှ ပုဂ္ဂလိက၏ ပါဝင်မှု အခန်းကဏ္ဍကို Power Point Presentation ဖြင့် ဆွေးနွေး တင်ပြခြင်း | ၂၈-၃၉ |
| ၆ | အုပ်စု(က)၏ ဆွေးနွေးတင်ပြချက် | ၄၀-၅၇ |
| ၇ | အုပ်စု(ခ)၏ ဆွေးနွေးတင်ပြချက် | ၅၈-၇၀ |
| ၈ | အုပ်စု(ဂ)၏ ဆွေးနွေးတင်ပြချက် | ၇၁-၇၈ |
| ၉ | အုပ်စု(ဃ)၏ ဆွေးနွေးတင်ပြချက် | ၇၉-၉၈ |
| ၁၀ | အလုပ်ရုံဆွေးနွေးပွဲရလဒ်များ | ၉၉-၁၀၁ |
| ၁၁ | အလုပ်ရုံဆွေးနွေးပွဲ၏ မှတ်တမ်းဓါတ်ပုံများ | ၁၀၂-၁၀၆ |

## "မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ တည်ထောင်ရေး"
## အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်

| | | |
|---|---|---|
| နေ့ရက် | - | ၄-၁၂-၂၀၂၁ (စနေနေ့) |
| အချိန် | - | နံနက် (၈:၃၀) နာရီမှ မွန်းလွဲ (၁၂:၃၀) နာရီထိ |
| နေရာ | - | ကျောက်စိမ်းခန်းမ<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော် |

| | | | |
|---|---|---|---|
| အစီအစဉ်(၁) | - | အလုပ်ရုံဆွေးနွေးပွဲ ဖွင့်လှစ်ခြင်း | (၈:၃၀) |
| အစီအစဉ်(၂) | - | ပြည်ထောင်စုဝန်ကြီးမှ အဖွင့်အမှာစကား ပြောကြားခြင်း | (၈:၃၀-၉:၀၀) |
| အစီအစဉ်(၃) | - | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး ဦးနောင်နောင်လင်းအောင်မှ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ ဖွဲ့စည်းရေးအတွက် ဥပဒေ၊ မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များကို အခြားနိုင်ငံများ၏ Tourism Board ဖွဲ့စည်းထားမှုများနှင့် နှိုင်းယှဉ်၍ Power Point Presentation ဖြင့် ဆွေးနွေးတင်ပြခြင်း | (၉:၀၀ -၉:၃၀) |
| အစီအစဉ်(၄) | - | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(MTF)မှ အထွေထွေအတွင်းရေးမှူး၊ ဦးကြည်သိန်းကိုမှ ပုဂ္ဂလိက၏ ပါဝင်မှုအခန်းကဏ္ဍကို Power Point Presentation ဖြင့် ဆွေးနွေးတင်ပြခြင်း | (၉:၃၀ -၁၀:၀၀) |
| အစီအစဉ်(၅) | - | အဖွဲ့ (၄) ဖွဲ့ခွဲ၍ အဖွဲ့လိုက်ဆွေးနွေးခြင်း | (၁၀:၀၀-၁၀:၄၅) |
| အစီအစဉ်(၆) | - | အဖွဲ့(၄) ဖွဲ့ ကိုယ်စားလှယ်များမှ Pannel Discussion ပြုလုပ်တင်ပြခြင်း | (၁၀:၄၅-၁၁:၃၀) |
| အစီအစဉ်(၇) | - | Moderator မှ အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်များ (Outcomes) များကို ရှင်းလင်းတင်ပြခြင်း | (၁၁:၃၀-၁၁:၄၅) |
| အစီအစဉ်(၈) | - | Question & Answer ပြုလုပ်ခြင်း | (၁၁:၄၅-၁၂:၀၀) |
| အစီအစဉ်(၉) | - | ပြည်ထောင်စုဝန်ကြီးမှ နိဂုံးချုပ် အမှာစကားပြောကြားခြင်း | (၁၂:၀၀-၁၂:၃၀) |
| အစီအစဉ်(၁၀) | - | အလုပ်ရုံဆွေးနွေးပွဲပြီးမြောက်ခြင်း | (၁၂:၃၀) |

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကျင်းပသည့် “မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ တည်ထောင်ရေး အလုပ်ရုံ ဆွေးနွေးပွဲ” တွင် ပြောကြားခဲ့သော ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်၏ အဖွင့်အမှာစကား**

ယနေ့အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာတဲ့ ညွှန်ကြားရေးမှူးချုပ်များနှင့်တကွ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲတာဝန်ခံညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်အပ်ပါတယ်။

ခရီးသွားလုပ်ငန်းသည် အခြေခံအားဖြင့် ဝန်ဆောင်မှုပေးရသော လုပ်ငန်းဖြစ်သည့်အပြင်သဘောသဘာဝရှိကြောင်း၊ ထို့အပြင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝအရင်းမြစ်၊ယဉ်ကျေးမှုအမွေအနှစ်များကိုပါ ထိန်းသိမ်းရာတွင် အရေးပါသော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ကမ္ဘာကြီးတွင် ဖြစ်ပေါ်လာသည့် ရာသီဥတု ပြုပြင်ပြောင်းလဲမှုများပေါ်တွင်မူတည်ပြီး ခရီးသွားလုပ်ငန်းတွင် ဖြစ်ပေါ်လာသည့် အကျိုးဆက်များကိုလည်း အကျယ်တဝင့် ဆွေးနွေးနေကြသည်များရှိပါကြောင်း၊ ယခု လတ်တလော အခြေအနေမှာတော့ Communicable Disease ဖြစ်သည့်မျှော်လင့်မထားဘဲ ရုတ်ခြည်းပေါ်လာသည့် COVID – 19 ၏ သက်ရောက်မှုသည် အင်မတန်မှပြင်းထန်သည်ဆိုသည်ကို အားလုံး အသိဖြစ်ပါကြောင်း၊ ယင်းနှင့်ပတ်သက်၍ ကမ္ဘာနှင့်ချီပြီး လူများသန်းနှင့် ချီပြီး သေဆုံးကုန်ပါကြောင်း၊ ယင်းရောဂါ ကူးစက်ခံရသူများသည် ကမ္ဘာနှင့်အဝှမ်း အများအပြား ဖြစ်နေသည် ဆိုသည်ကိုလည်း အားလုံး အသိဖြစ်ပါကြောင်း၊ Tourism သည်လည်း ဒီရောဂါ၏ ဖိစီးမှုကြောင့် တစ်ကမ္ဘာလုံးမှာ ထိခိုက်နစ်နာမှုများ အများကြီး ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ မိမိတို့၏ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ ခိုင်မြဲရန် ဆိုသည်ကို နှုတ်ကနေပြီးပြောဆိုနေလို့ မပြီးပါကြောင်း၊ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များများစွာ ရှိပါကြောင်း၊ ယင်းတို့ကို မိမိတို့သည် ထပ်ခါတလဲလဲ Second Nature ဖြစ်နေအောင် အားလုံးသိရှိလိုက်နာ ဆောင်ရွက်နိုင်မှသာလျှင် မိမိတို့အတွက် ထိုက်သင့်သည့် အဆင့်တစ်နေရာမှာ ရှိနေမှာဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်သည့် နေရာတွင်

ယင်းလုပ်ငန်းသည် ပြောရမည်ဆိုလျှင် Public, Private and People ဖြစ်သည့် ယင်း (၃) ခု ၏ ကွင်းဆက် ချိတ်ဆက်ဆောင်ရွက်မှုသည် အင်မတန်မှ အရေးကြီးပါကြောင်း၊ ယင်းကဲ့သို့ ချိတ်ဆက် ဆောင်ရွက်ထားမှုမရှိလျှင် ကောင်းကျိုးများတော့ရှိမည် ဖြစ်ပါကြောင်း၊ သို့ရာတွင် ယင်းကောင်းကျိုး သည် ခဏတာသာဖြစ်မည် ဖြစ်ပါကြောင်း၊ ဆိုးကျိုးများသည် ပယ်ဖျက်၍ မရသည့် သင်ခန်းစာ များနှင့် ကမ္ဘာတည်သွားမည် ဖြစ်ပါကြောင်း၊ ယင်းကို သေသေချာချာ တစိုက်မတ်မတ် အာရုံထားပြီး လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အစီအစဉ်တစ်ခု၊ စီမံကိန်းတစ်ခုကို အကောင် အထည်ဖော် ဆောင်ရွက်သည့်နေရာမှာ ယင်းကို မလုပ်ခင်ကတည်းက ယင်းကို သေချာ Study လုပ်ရမှာ ဖြစ်ပါကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး ကြိုတင်မျှော်တွေးပြီး ဖြစ်လာနိုင်သည့် ကောင်းကျိုး၊ ဆိုးကျိုးများ အကုန်လုံးကိုတွက်ချက် မျှော်တွေးပြီး စီမံကိန်းတစ်ခုကိုလုပ်ကိုင် ဆောင်ရွက်ကြ ခြင်းသည်သာ မိမိတို့ ယနေ့ ပြောနေကြသည့် Sustainable Tourism Development ကို သွားနိုင်မှာ ဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် Sustainable Development Goal ဆိုပြီး မကြာခဏ ပြောဆိုနေကြသည်များ အများအပြားရှိပါကြောင်း၊ ဆွေးနွေးချက်များတွင် အများကြီး ထည့်ပြောကြ ပါကြောင်း၊ ယင်းပန်းတိုင်သည် အမျိုးအစားအားဖြင့် (၁၇) ခု ရှိပါကြောင်း၊ ယင်း (၁၇) ခု ၏ အန္တိမ ရည်မှန်းချက်သည် ဟိုးယခင်အစောပိုင်းက ၂၀၃၀ ခုနှစ်အထိ ထားရှိထားသော်လည်း ယခုအချိန်တွင် ၂၀၅၀ ပြည့်နှစ်အထိ ရောက်သည့်အခါတွင် ဥပမာအားဖြင့် မိမိတို့ပြောနေကြသည့် ကာဗွန်ဒိုင် အောက်ဆိုက် ထုတ်လွှင့်မှုများ၊ အခြားအညစ်အကြေးများ ရေပေါ်ရေအောက်၊ မြေပေါ်မြေအောက် စသည်အားဖြင့် ယင်းတို့သည် ထိုက်သင့်သည့် အဆင့်တွင်မှာဘဲရှိတော့မည်၊ တကယ်တန်း အချို့ အစွန်းဆုံး ပြောချလိုက်သည်မှာ Zero Level တွင် ရှိရမည်ဟု ပြောထားသည်များ ရှိပါကြောင်း၊ ယင်းကဲ့သို့ ဓါတ်ငွေ့ထုတ်လွှင့်မှုများသည် zero Level ရောက်ရှိဖို့ဆိုသည်မှာ အားလုံး တွက်ကြည့်စေလိုပါကြောင်း၊ ဖြစ်နိုင်ချေသည် မည်ကဲ့သို့ အခြေအနေရှိလာမည်လည်း၊ ယနေ့ လုပ်နိုင်သည့် နိုင်ငံများ၊ တကယ့်တိုးတက်သည့် နိုင်ငံများသည် ကြိုးစားနေပေမယ့် ကြိုးစားဆဲသာ

ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှာတော့ လုပ်ရကိုင်ရသည်မှာ အင်မတန်မှ အခက်အခဲအတားအဆီးများ ရှိနေအုံးမည်ဖြစ်ပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မိမိတို့တွင်ရှိနေသည့် အခြေခံအဆောက်အအုံများပြည့်စုံမှု၊ နည်းပညာဆိုင်ရာ ပြည့်စုံမှု၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြည့်စုံမှုစသည့် လိုအပ်ချက်များသည် တွက်ကြည့်မည်ဆိုလျင် အများကြီးရှိပါကြောင်း၊ ယင်းတို့အားလုံး ပြည့်စုံနိုင်မှသာလျင် မိမိတို့ သွားနေသည့် Level တစ်ခုသည် တဖြည်းဖြည်းလျှော့ကျ လာမှာ ဖြစ်ပါကြောင်း၊ Level တစ်ခုကနေ မူလလက်ရှိ ရှိနေသည့် Level ကနေလျှော့လာသည် ဆိုလျင်ဘဲ မိမိတို့သည် ဝမ်းမြောက် ဝမ်းသာဖြင့် လက်ခံ ကြိုဆိုရမှာ ဖြစ်ပါကြောင်း၊ Tourism သည် အားလုံးနှင့် ဆက်စပ်နေသည့်အတွက် Tourism သည် လုပ်ငန်းတိုင်းအပေါ်တွင် ပါဝင်ပတ်သက်နေပါကြောင်း၊ ဒါကြောင့် မိမိတို့သည် သေချာဂရုတစိုက် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ရေးဆွဲခဲ့သည့် Myanmar Tourism Master Plan တွင် ကြည့်မည်ဆိုလျင် ပထမဦးဆုံး Strategy ဖြစ်သည့် Strategic Direction ဖြစ်သည့် Strengthen the Institutional Environment ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့်ဗဟိုအဆင့်၊ ပြည်ထောင်စုအဆင့်နှင့် ပြည်နှင့်တိုင်းဒေသကြီးများ၏ ဒေသဆိုင်ရာအဆင့် စနစ်တကျထူထောင်ထားပါကြောင်း၊ ယင်းကဲ့သို့ အဆင့်ဆင့်ဖွဲ့စည်းတည်ဆောက်ထားသဖြင့် မိမိတို့သည် သေချာစွာဂရုပြုဆောင်ရွက် ကြရမှာ ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေအပေါ်တွင် အခြေခံပြီးဖွဲ့စည်းမှုတွင်လည်း ဗဟိုအဆင့်၊ အမျိုးသားအဆင့်၊ ဒေသဆိုင်ရာအဆင့် ဆိုပြီး ဖွဲ့စည်းထားပါကြောင်း၊ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဥက္ကဋ္ဌ၊ နိုင်ငံတော်ဒုတိယ ဝန်ကြီးချုပ်ဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ထိုနည်းလည်းကောင်းဘဲ ခရီးသွားလုပ်ငန်းကော်မတီကိုလည်း ဖွဲ့စည်းထားပါကြောင်း၊ ဒေသဆိုင်ရာအကြီးအကဲများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဝန်ကြီးချုပ်များဖြင့် ဖွဲ့စည်းထားသည့် ဒေသဆိုင်ရာခရီးသွား လုပ်ငန်းကော်မတီလည်း ဖွဲ့စည်းထားပါကြောင်း၊

ယင်းကဲ့သို့ အဆင့်ဆင့်ဖွဲ့စည်းထားပြီး ဂရုစိုက်ဆောင်ရွက်နေပါကြောင်း၊ အစောပိုင်းတွင် မိမိတင်ပြသကဲ့သို့ Public ၊ Private and People သည် အင်မတန်မှ အရေးကြီးပါကြောင်း၊ ယင်းကို အောက်ခြေအထိ ပြောနေကြသည့် Destination Management Organization - DMO ၏ အခန်းကဏ္ဍသည်လည်း အင်မတန်မှအရေးကြီးပါကြောင်း၊ DMO သည် ပြည်နယ်နှင့် တိုင်းဒေသကြီး များတွင်ရှိနေသည့် မိမိတို့၏ တာဝန်ခံ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ ရှိကြသည့် အဖွဲ့များသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ ဒေသအဆင့်ကော်မတီများတွင် ပါဝင်ပြီးဆောင်ရွက်နေကြတာဖြစ်ပါကြောင်း၊ DMO တွင် ရှိနေသည့် အဖွဲ့များသည် အမြဲတမ်း မိမိတို့၏ ဒေသတွင် တိုးတက်မှု ရှိသလို ဆုတ်ယုတ်မှု ဘာတွေ ဖြစ်လာနိုင်သည်လည်း၊ တစ်ဖက်က တိုးတက်မှု ပေါ်လာသလို၊ တစ်ဖက်တွင် ယင်းအပေါ်တွင် ထိခိုက်မှု ဘာတွေ ရှိလာနိုင်သည်လည်း၊ တစ်ဖက်က အားသာချက်များရှိသကဲ့သို့ အားနည်းချက်များ မည်သို့ရှိသည်လည်းဆိုသည်ကို တစိုက်မတ်မတ် ဆောင်ရွက်နေရမှာ ဖြစ်ပါကြောင်း၊ အကုန်လုံး လွှမ်းခြုံပြီး ပြောမည်ဆိုလျှင် ယနေ့ ဆွေးနွေးမည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့နှင့်ပတ်သက်ပြီး မိမိတို့သည် အထပ်ထပ်အခါခါ ဆွေးနွေးရ မည် ဖြစ်ပါကြောင်း၊ တစ်ကြိမ်တစ်ခါတည်း ဆွေးနွေးပြီးလို့လည်း မရပါကြောင်း၊ ယနေ့ တက်ရောက်သည့်အဖွဲ့များ ဆွေးနွေးမည်၊ ရရှိလာသည့် ဆွေးနွေးရရှိချက်များအပေါ် ထပ်ပြီး ကျယ်ကျယ်ပြန့်ပြန့်ထပ်ပြီး Level အားလုံးသိရှိသွားရန် ထပ်မံဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ပြီးလျှင် ဒေသဆိုင်ရာအဆင့်များတွင်လည်း ယင်းကို ထပ်ပြီးဆွေးနွေးကြမည်၊ ယင်းတို့မှ ရလဒ်များ အကုန်လုံးကိုပေါင်းခြုံပြီး မိမိတို့သည် အမျိုးသားအဆင့်၊ ဗဟိုအဆင့်သို့ တင်ပြနိုင်မှာ ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့်သို့တင်ပြသည့် ကိစ္စမှာလည်း မိမိတို့သည် ယင်းကဲ့သို့တင်ပြနိုင်ရန်အတွက် မိမိတို့တွင် ခိုင်မာသည့် အကြောင်းအချက်များ၊ အချက်အလက်များအကုန် ပြည့်စုံရန် လိုအပ်ပါ ကြောင်း၊ ယင်းကဲ့သို့ ပြည့်ပြည့်စုံစုံဖြင့် တင်ပြနိုင်ရန်အတွက် လူမှုအဖွဲ့အစည်းတစ်ရပ်လုံးသည် ယင်းကို နားလည်ထားရန် လိုအပ်ပါကြောင်း၊ ယင်းတို့အားလုံးကိုခြုံပြီးမှ မိမိတို့သည် အမျိုးသား

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသို့တင်ပြပြီး လုပ်ကိုင်နိုင်မှာ ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီမှ လိုအပ်သည်များကို ဖြည့်စွက်ညွှန်ကြားမှာဖြစ်ပါကြောင်း၊ ထို့အတွက် ခိုင်ခိုင်မာမာနှင့်ပီပီပြင်ပြင် ပေါ်ထွက်လာနိုင်အောင် ပထမဦးဆုံးစပြီးဖွင့်လှစ်လိုက်သည့် အနေအထားဖြစ်ပါကြောင်း၊ ယင်းကိုကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးရန် လိုအပ်ပါကြောင်း၊ မိမိပြောချင်သည့် မိမိလိုချင်သည့် အကြောင်းအချက် တစ်ခုတည်းကိုသာ Highlight လုပ်၍ ပြောလို့ မဖြစ်နိုင်ပါကြောင်း၊ မိမိတင်ပြသကဲ့သို့ ၎င်း၏အကျိုးဆက်များရှိသကဲ့သို့ ၎င်း၏အကြောင်းဆက်များ များစွာရှိပါကြောင်း၊ တစ်နေရာတွင် အားသာချက်များရှိနေပေမယ့် တစ်နေရာတွင် အားနည်းချက်များပေါ်လာမှာ ဖြစ်ပါကြောင်း၊ ယင်းကို အပြန်ပြန် အလှန်လှန်စဉ်းစားပြီးမှ ဖော်ထုတ်လုပ် ကိုင်နိုင်မှာဖြစ်ပါကြောင်း၊ ယခုမိမိတို့သည် ဘုတ်အဖွဲ့ကိုဖွဲ့မည်၊ အစိုးရ၊ ပုဂ္ဂလိက၊ သက်ဆိုင်ရာကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းမည်၊ လုပ်ငန်းတာဝန်သည် မည်ကဲ့သို့ရှိမည်၊ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် သင်းဖွဲ့စည်းမျဉ်းများကို မည်ကဲ့သို့သတ်မှတ်ပြီး ဆောင်ရွက်မည်၊ ဒါတွေနှင့်တင်မပြီးပါကြောင်း၊ ယင်းတွင်လုပ်ကိုင်ဆောင်ရွက်မှုများသည် သတ်သတ်မှတ်မှတ်ဖြင့် တကယ်လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ရှိလာမည်ဖြစ်ပါကြောင်း၊ ယင်းတာဝန်များနှင့်အတူတစ်ဆက်တည်း မည်သူတို့က အကောင်အထည်ဖော်မှာလည်း၊ အကောင်အထည်ဖော်မည့်ကော်မတီဘဲဖြစ်ဖြစ်၊ ယင်းကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံဖြင့် ဆွေးနွေးဆောင်ရွက်ပြီးမှသာလျှင် မိမိတို့သည် ဆက်ပြီး ရှေ့ကို သွားနိုင်မှာ ဖြစ်ပါကြောင်း၊ Myanmar Tourism Board သည်ကိုယ့် လိုအပ်ချက်တစ်ခုတည်းနှင့်တော့သွား၍ မရနိုင်ပါကြောင်း၊ ရံပုံငွေသည် လိုအပ်သည့်တာဝန်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များထဲက အကြောင်းတစ်ချက်ဘဲ ဖြစ်ပါကြောင်း၊ ယင်းထက်အရေးကြီးသည်မှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုး တိုးတက်အောင်မည်ကဲ့သို့ စနစ်တကျ ဆောင်ရွက်နိုင်မည်လည်းဆိုသည်ကို ယင်း Board တွင်စဉ်းစားဖွဲ့စည်းတည်ဆောက်သွားရန် လိုအပ်ပါကြောင်း၊ ဒါသည် မိမိတို့၏ အန္တိမရည်မှန်းချက်

ဖြစ်ပါကြောင်း၊ ဒါကြောင့် ယင်းအနေအထားကို သေချာတွက်ချက် ဆောင်ရွက်ပြီး ဆွေးနွေးသွားရန် လိုအပ်ပါကြောင်း၊ Myanmar Tourism Board ဆိုသည်မှာ မိမိတို့က စဉ်းစားထားတာ ဖြစ်ပါကြောင်း၊ ထိုနည်းလည်းကောင်းဘဲ မိမိတို့ ဒေသအတွင်းမှာရှိသည့် နိုင်ငံများတွင်လည်း ဖွဲ့စည်းတည်ထောင် ထားမှုများများစွာရှိပါကြောင်း၊ ၎င်းတို့တွင်မည်ကဲ့သို့ ဖွဲ့စည်းထားသည်၊ မည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်နေသည်၊ ယင်းတို့သည် တကယ့်ကို သေချာစဉ်းစားပြီး ဆောင်ရွက်ရမည့် ကိစ္စများဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် လုပ်ကိုင်ဆောင်ရွက်မှုများသည် ထိုက်သင့်သည့် အဆင့်တစ်ခုတွင် ရှိနေပြီး ၎င်းတို့သည် Tourism Industry ကို Lead လုပ်ပြီးသွားနေသည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ သို့သော်လည်း မိမိတို့၏ ဖွဲ့စည်းတည်ဆောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေဆိုသည်မှာ စီးပွားရေးတစ်ခုတည်း မဟုတ်ပါကြောင်း၊ စဉ်းစားဆောင်ရွက်ရမည့် လုပ်ငန်းရပ်များများစွာရှိပါကြောင်း၊ ယင်းကိုမလျှော့သောဇွဲဖြင့် ကြိုးစားပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် ပီပြင်သည့် ဘုတ်အဖွဲ့အစည်းတစ်ရပ် ပေါ်လာနိုင်အောင် သေချာစွာစဉ်းစားတွက်ချက် ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

## "မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့တည်ထောင်ရေးအလုပ်ရုံဆွေးနွေးပွဲ" တွင် ပြောကြားသော ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်၏ နိဂုံးအမှာစကား

ကျွန်တော်တို့ ဒီကနေ့ကျင်းပပြုလုပ်တဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ ဖွဲ့စည်းရေး အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ကြတဲ့သူများ၊ စီစဉ်ဆောင်ရွက်ပေးတဲ့သူများ တက်တက်ကြွကြွ ပါဝင်ဆွေးနွေးပေးကြတဲ့ သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

ဒုတိယအချက်ပြောချင်တာက ဆွေးနွေးကြတဲ့အခါမှာ ကျွန်တော်တို့လိုချင်တဲ့ ရလဒ်လေးတွေ၊ ကျွန်တော်တို့လုပ်နိုင်တဲ့ အခွင့်အလမ်းတွေ မျှော်လင့်ချက်လေးတွေ၊ ဒီအပေါ်မှာ ကြည့်ပြီး ဆက်လက်ဆောင်ရွက်သွားရပါမယ်။ ဒီနေ့ဆွေးနွေးတဲ့ အချက်အပေါ်မှာ အားလုံးတော့ ဖြစ်ချင်မှ ဖြစ်မယ်၊ ဖြစ်နိုင်တဲ့ အချက်အပေါ်မှာ ကြည့်ပြီးပြောရရင် အဓိကအချက်ကတော့ ဥပဒေပြုရမယ် ဆိုတဲ့ ရလဒ်တစ်ခုရပါတယ်၊ ဒီနေရာမှာ တစ်ဆက်တည်းပြောရရင် လက်ရှိ Existing Law မှာ ထည့်သွင်းပြင်ဆင်ခြင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်း၊ နောက်မှာဖွဲ့စည်းခြင်းပါမယ်။ ဆွေးနွေးသွားတဲ့ အချက်တွေကို ကြည့်လိုက်ရင် ဝန်ကြီးဌာနအောက်ကဖွဲ့ပြီး သွားမယ် မသွားဘူး၊ အဓိက ဆွေးနွေးသွား တာတွေရမယ်။ ဒီနေရာမှာမှာ တစ်ဆက်တည်း Tourism Authority of Thailand မှာလည်း Public၊ Private နဲ့ အချိုးညီဖွဲ့စည်းထားတာ ဆီလျော်တယ်လို့ တွေ့ရတယ်။

နောက်တစ်ခါ ဖွဲ့စည်းမှုမှာလည်း ပြည်တွင်းမှာသာမက ပြည်ပမှာလည်း ဖွဲ့စည်းရင် ပိုကောင်းမယ်လို့ ဆွေးနွေးသုံးသပ်ချက်ကိုလည်း တွေ့ရပါတယ်။ နောက်တစ်ချက်က Promotion နှင့် Marketing ကို Highlight လုပ်ပြီး သွားမယ်၊ ဒီနေရာမှာ လက်ရှိလုပ်နေတဲ့ Tourism Authority of Thailand မှာဘဲကြည့်ကြည့် Singapore Tourism Board မှာဘဲ ကြည့်ကြည့် Malaysia Tourism Promotion Board တွေကို ကြည့်ကြည့်တဲ့အခါမှာ သူတို့ရဲ့Direction ဟာ Promotion နှင့် Marketing ကို Awareness မြှင့်တင်ဆောင်ရွက်တာ တွေ့ရပါတယ်။ ကျွန်တော်တို့လည်း အဲ့ဒီလို သွားချင်တဲ့ ဆန္ဒရှိတယ်ဆိုတာ တွေ့ရပါတယ်။ နောက်ဒီလိုလုပ်တဲ့အခါမှာ Implementation၊ Activity တွေကို လုပ်ဆောင်ရမယ်၊ ဒီလို Activity တွေကို လုပ်ဆောင်ရာမှာ တစ်ဖက်က ပေါ်လာတာတော့ Leading Organization ဆိုတာပါလာတာကို တွေ့ရပါတယ်၊ အဲ့ဒီတော့ တစ်ဆက်တည်းမှာဘဲ Implementation က တိုက်ရိုက်လာပါမယ်၊ ထိုနည်းလည်းကောင်းဘဲ ဆက်စပ်တဲ့ Organization

တွေများတယ်၊ ဥပမာ- ကျွန်တော်တို့ဌာနနှင့် ဆက်စပ်နေတဲ့ ဌာနတွေကိုလည်း ကျွန်တော်တို့ ရေးဆွဲထားတာကို သူတို့တွေကိုလည်းတင်ပြရမယ်၊ အဲ့လို မတင်ပြခင်မှာ ကျွန်တော်တို့ ဗဟိုကော်မတီ ကိုလည်း လမ်းညွှန်ချက်ခံယူထားရမယ်၊ လိုအပ်ရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးကိုလည်း ကျွန်တော်တို့ ဒီလိုလမ်းကြောင်းနဲ့ သွားမယ်ဆိုတာ ကြိုတင်ရှင်းပြထားရမယ်၊ ဒီလို ဆောင်ရွက်ပြီးတော့မှ သက်ဆိုင်ရာ ဌာနတွေဖိတ်ကြားရပါမယ်၊ ဖိတ်ကြားတဲ့အခါမှာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေ လည်းပါမယ်၊ နောက်တစ်ခုကတော့ ကျွန်တော်တို့လုပ်ရှား ဆောင်ရွက်မှုအပေါ်မှာ မူတည်ပြီးတော့ Budget System ကိစ္စကို စဉ်းစားရမည်၊ ကျွန်တော်တို့ ဒီလိုဖွဲ့စည်းမယ်၊ ဒီလိုသုံးချင်တယ်ဆိုတာကို ကြိုတင်တင်ပြရမယ်။ ကျွန်တော်တို့ရမယ်ဆိုရင် Tourism Statistic ပေါ့၊ ကျွန်တော်တို့ရဲ့ ရတဲ့ငွေကြေးကို Private Sector မှာလိုသီးခြားထားပြီး သီးခြားထုတ်သုံးလိုတော့ ဖြစ်နိုင်မယ် မထင်ဘူး၊ နိုင်ငံတော်ရဲ့ Budget System နဲ့ သွားရမယ်၊ ငွေကြေးဝင်လာမယ်၊ နိုင်ငံတော်ရဲ့ အချိုးကျ သတ်မှတ်ချက်အရ ကျွန်တော်တို့ပြန်ရမယ်၊ ကျွန်တော်တို့ Priority ရအောင်ကြိုးစားရမယ်၊ အကြမ်းဖျင်းပြောရရင် ဒီ(၇) ချက်ပေါ်မှာ သုံးသပ်ရရင် ဥပဒေပြုခြင်းကိစ္စရှိမယ်၊ ဝန်ကြီးဌာန အောက် မှာဖွဲ့စည်းမည် ဒီနေရာမှာ Public Private အချိုးကျ BOD ရှိမယ်၊ Promotion နှင့် Marketing ရှိမယ်၊ Implementation ရှိမယ်၊ Tourism Relative Services တွေဆက်စပ်ဌာနဆိုင်ရာ တွေနှင့်တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများကို ထည့်သွင်းဖိတ်ကြားပြီး ပြန်လည်ဆွေးနွေးရမယ့် သဘောရှိတယ်၊ ပြီးတော့ Budget ကိစ္စရှိမယ်၊ ဒါတွေက ဆက်လက်လုပ်ဆောင်ရမှာ ဖြစ်တယ်၊ ဒီထက်ပိုချင်လည်းပိုမယ်၊ ဒါလေးကိုပေါ်လွင်အောင် တိုတိုနဲ့ရှင်းရှင်းလင်းလင်းဖြစ်ရန် ဆောင်ရွက် ပေးကြပါလို့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်။


Establishment of
Myanmar Tourism Board
Semi Government Tourism Organization
Naung Naung Lin Aung
MOHT


2
CONTENTS
01
Introduction
Definitions
Constitution
Functions & Duties
Significant Tasks
02
Tourism Board Examples
Singapore
Malaysia
Indonesia
Thailand
03
Proposal from MTF
Amendments for Myanmar Tourism Law
Proposed Organization Structure
Action Plan
Budget Proposal
04
Suggestions & Recommendation
Policy, Regulation and Constitution
Organization Structure
Duties & Functions
Budget

3

## PART 01
# Introduction

- Definitions
- Constitution
- Functions & Duties
- Significant Tasks

4

## Tourism Board

*Definitions of Tourism Board*

**Logify Encyclopedia**
A tourist board is an official organization that encourages travelers to visit their city, country, or region.

**Cambridge**
An official organization that encourage people to visit an area, city and country, and that provides information about travel, places of interest, where to stay, etc.

**AALEP**
National Tourist Boards are national tourist organizations founded with a view to promoting and creating the identity, and to enhance the reputation of tourism at national level.




5
Introduction
Institutions for Myanmar Tourism
1992
Ministry of Hotels and Tourism
DHT, MHTS, RBE
2000 - DHT, MHTS
2015
Ministry of Hotels and Tourism
MO,DHT
NOW
Ministry of Hotels and Tourism
MO,DHT, MTB?
New Tourism Law, +++
Before 1992
1965 -Trade Corporation No.20
1987 – Hotels & Tourism Corporation
1989 – Myanmar Hotels and Tourism Services
2013
Ministry of Hotels and Tourism
MO,DHT, DHTD
2018
Ministry of Hotels and Tourism
MO,DHT,
New Tourism Law, NTDC, TEC, RTCs


6
Tourism Board
Constitution
Tourism Board
Appointed by President or Minister
Chair by DG or Governor
BOD from Related Ministries & PSO
CEO or GM is secretary of board
Operation
CEO or GM is Chief
Public
Private
Foreign Experts
MTB


7
Tourism Board
Power, Functions & Services
MTB
Functions
Power
Services
To develop and promote the Nation as a travel and tourist destination
To advise the Government on matters relating to travel and tourism
To enhance the travel and tourism sector's contribution to the National economy
to exercise licensing and regulatory functions in respect of such tourism enterprises as the Board may determine.
to act as an agent for the Government or, with the approval of the Minister
to engage in, assist in or promote the improvement of facilities for visitors
to secure overseas publicity for the tourist attractions
to carry on the business of providing transport facilities for people visiting tourist attractions
tour business
tourist hotels business
business relating to restaurants, service places and resorts
business relating to the sale of souvenirs or other goods
business related to sports for tourists
exhibitions, shows, trade fairs, promotional advertisement or any other activities with the aim of encouraging and promoting tourism


8
Tourism Board
Most Significant Tasks
DMO
Marketing
Research
Functions
Budget
Foreign Offices
Regional Boards
Cooperation
Promotion
Offers
Planning
Activities
Information
Tourist Information System
M & E
Organizing

9

# PART 02
## Tourism Board Examples

- Singapore
- Malaysia
- Indonesia
- Thailand

10

## Singapore

*Singapore Tourism Board*

Singapore Tourism Board

(STB)

1 STB is formed under the Ministry of Trade and Industry of Singapore

2 It is the lead development agency for tourism

3 STB ensures that tourism remains an important and vibrant economic pillar

Singapore TOURISM BOARD




11
Singapore
Singapore Tourism Board
Vision
A vibrant and inspiring Destination Singapore that we are proud of
Mission
To shape a dynamic tourism landscape for Singapore in partnership with the industry and community
STB


12
Singapore
Singapore Tourism Board
Singapore Tourism Board Act (1997)
4 Parts and 27 sections
"Enabling the Board to carry out its functions under this act and any regulations made thereafter, the Ministry may, from time to time, authorize the payment to the Board"
Corporate Group
Marketing Group
Experience Development Group
Policy and Planning Group
Technology Transformation Group
International Group


13
Thailand
Tourism Authority of Thailand
Tourism Authority of Thailand (TAT)
1
Tourist Organization of Thailand (TOT) was established by a Royal Decree in 1959
2
TOT elevated as TAT in 1979
3
The Prime Minister or the Minister designated by the Prime Minister shall have the power and duty to exercise the general supervision of the affairs of TAT
TOURISM AUTHORITY OF THAILAND
amazing
THAILAND


14
Thailand
Tourism Authority of Thailand
TAT
Vision
The Tourism Authority of Thailand is at the forefront of promoting the country's tourism industry to make it a sustainable Preferred Destination
Mission
• Carry out marketing, promotion and publicity activities
• Drive the Value Chain in the tourism industry
• Develop in-depth information on the demands
• Advance TAT as a High Performance Organization


Organisation Chart
Offices under the Governor


Malaysia
Malaysia Tourism Promotion Board
16
Malaysia Tourism Promotion Board
1
Tourist Development Corporation of Malaysia (TDC) was established in 1972 under the Ministry of Trade and Industry
2
TDC became Malaysia Tourism Promotion Board (MTPB) in 1987 and moved to the under of the Ministry of Culture, Arts and Tourism
3
The Malaysia Tourism Promotion Board or Tourism Malaysia is an agency under the Ministry of Tourism & Culture, Malaysia. Tourism Malaysia focuses on the specific task of promoting Malaysia at both domestic and international levels.
TOURISM MALAYSIA
Malaysia Truly Asia


17
Malaysia
Malaysia Tourism Promotion Board
Vision
To make the tourism industry a primary source of national revenue and a prime contributor to the socio-economic development of the nation.
Mission
To market Malaysia as a premier destination of excellence in this region.
MTPB


TOURISM MALAYSIA
ORGANISATION CHART
Dato' Hj. Zainuddin Abdul Wahab
Director General
Datuk Musa Hj. Yusof
Operationally Vacant
Operationally Vacant
Deputy Director General - Planning
Iskandar Mirza Mohd Yusof
Syed Yahya Syed Othman
Noran Ujang @ Mat Ali
Shahrin Mokhtar
Abdul Ra'uf Abu Hassan
Mohd Roslan Abdullah
Datin Kafidah Idris
Hjh. Azleen Hj. Mat Zip
Mohamed Amin Yahya
Hj. Saidi Bondan
Vacant

## Indonesia

*Indonesia Tourism Promotion Board*

Indonesia Tourism Promotion Board

1. Indonesia Tourism Promotion Board (ITPB) is a partner of the Ministry of Tourism which was established by Presidential Decree No. 22 of 2011 about the Indonesia Tourism Promotion Board, in order to implement the provisions of Article 36 paragraph (3) of Law No. 10 Year 2009 concerning tourism.
2. ITPB duties and functions include: improving the image of Indonesian tourism, increasing tourist arrivals and foreign exchange earnings, increase domestic tourists visiting and spending, as well as conducting research in order to develop business and tourism business.
3. The current provincial level has been formed by 20 (twenty) Regional Tourism Promotion Agency which was established by the Governor.

wonderful indonesia

INDONESIA
TOURISM PROMOTION BOARD
promoting the wonders



## Indonesia

*Indonesia Tourism Promotion Board*




### Vision

To become credible-partner of Government of Indonesia and capable to coordination stakeholder in promoting Indonesia Tourism

### Mission

- To enhance the positive image of tourism in Indonesia
- To increase in tourist arrivals and foreign exchange earnings significantly
- To increase domestic tourist visits and spending significantly
- To mobilize sources other than government budget in line with laws
- To conduct research in tourism development and tourism business

21

## PART 03
# Proposal from MTF

- Amendments for Myanmar Tourism Law
- Proposed Organization Structure
- Action Plan
- Budget Proposal

22

## Proposal from MTF

*ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ ဖွဲ့စည်းနိုင်ရန်နှင့်မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေအားပြင်ဆင်ဖြည့်စွက်နိုင်ပါရန်အကြံပြုတင်ပြခြင်း*

### 1 ရည်ရွယ်ချက်

- မြန်မာနိုင်ငံအား ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာစေရန်
- ထိရောက်သော ပြည်တွင်းပြည်ပ ဈေးကွက်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်
- တာဝန်ယူမှုရှိသော၊ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း ဖြစ်ပေါ်လာစေရန်

### 2 ပြင်ဆင်လိုသည့် အကြောင်းအရင်း

- Tourism Promotion အားအစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသာ ခရီးရောက်နိုင်ခြင်း
- ခိုင်မာသည့် ရန်ပုံငွေတစ်ခု ရှိရန် လိုအပ်ခြင်း
- Semi Government ပုံစံဖွဲ့စည်းခြင်းအားဖြင့် Budget ရနိုင်မည့် လမ်းကြောင်းများရှိလာနိုင်ခြင်း

### 3 အကြံပြုချက်

- ငွေကြေးကောက်ခံမည့် လုပ်ငန်းအမျိုးအစားနှင့် ကောက်ခံမည့်ငွေပမာဏကို ဥပဒေနှင့် အညီသတ်မှတ်ခြင်း
- ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ကို ဥပဒေနှင့်အညီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း
- သင့်လျော်သောနည်းလမ်းဖြင့် ရန်ပုံငွေ ကောက်ခံရရှိအောင်ဆောင်ရွက်ခြင်း

## Proposal from MTF

*Action Plan*

Year 1

Year 2

Year 3

- Destination Branding,
- National Tourism Marketing Workshop,
- Digital Marketing Strategies,
- Appointing Overseas Marketing Representatives,
- Development of Statistical Data & Market Research,
- Media Production,
- Communication and PR Activities,
- Brochures & Collateral Production,
- Advertising & Promotion,
- Trade and Road Show.



## Proposal from MTF

*Budget*

**01** **Year 1 (2022-23)**
**USD 7,830,000**

**02** **Year 2 (2023-24)**
**USD 9,370,000**

**03** **Year 3 (2024-25)**
**USD 9,130,000**



## Proposal from MTF

*Tourism Development Plan*

1. **Destination Management**
   Six Action Points
   1450 Million Kyats
2. **New Destination Development**
   Three Action Points
   2550 Million Kyats
3. **Tourism Infrastructure**
   Six Action Points
   3200 Million Kyats
4. **Human Resource Development**
   Five Action Points
   1250 million Kyats
5. **Tourism & Culture Event**
   Three Action Points
   2750 Million Kyats
6. **Tourism Statistic & Research**
   Five Action Points
   1960 Million Kyats

**28 Actions** | **13.16 Billion Kyats**





# PART 04
## Suggestions & Recommendations

- Amendments for Myanmar Tourism Law
- Action Plan
- Proposed Organization Structure
- Budget Proposal

## Suggestions

***Name of the Institution***

**Name of Institution**

- Myanmar Tourism Board (MTB)
- Myanmar Tourism Development Board (MTDB)
- Myanmar Tourism Promotion Board
- Myanmar Tourism Authority
- …………





## Suggestions

***Institutional Arrangement***



| | | | |
|---|---|---|---|
| Under the Ministry Trade and Industry | Under the Ministry of Culture, Arts and Tourism | Under Prime Minister Under Minister of Tourism & Sports | Private Sector Org. Not active |


29
Suggestions
Institutional Arrangement
National Tourism Development Central Committee
TEC
Ministry of Hotels and Tourism
RTCs
Minister Office
Directorate of Hotels & Tourism
Myanmar Tourism Board (MTB)
DMOs
Chief Executive Officer
(CEO)


30
Suggestions
Role of Chairman
Chairman
Governor
Permanent Secretary
Director General
???????
Myanmar Tourism Board
Board of Director :
Senior Officials from Related Ministries & Private Sector
Operation: Public + Private + Experts
CEO is chief of the operation and secretary of the Board
CEO

31

## Suggestions

*Revenue Stream*




32

## Suggestions

*Policy and Regulations*

- Chief Executive Officer အောက်တွင် တာဝန်ထမ်းဆောင်မည့် သူများတွင် ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်နိုင်သော်လည်း MTB တွင် တာဝန်ထမ်းဆောင်ပါက အဖွဲ့အစည်းများမှ ရာထူးကိုစွန့်လွှတ်ရမည် ဖြစ်ပြီး အခြားသောခရီးသွားလုပ်ငန်းများမှ အကျိုးအမြတ်ရယူနေသောလုပ်ငန်းများနှင့် Conflict of Interest အကျိုးစီးပွား ကင်းရှင်းရမည် ဖြစ်သည်။

- အပိုဒ် (၁၃)၊ အပိုဒ်(က) ပါ ခရီးသွားလုပ်ငန်းဥပဒေပြင်ဆင်ရေးဆွဲခွင့်တွင် "မြန်မာနိုင်ငံခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတွက် သုံးစွဲရန်ငွေကြေးကောက်ခံမည့် လုပ်ငန်းအမျိုးအစားနှင့် ကောက်ခံမည့်ငွေပမာဏကို ဥပဒေနှင့်အညီ သတ်မှတ်ခြင်း" ဟူ၍ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်တွင် ထည့်သွင်းခြင်းအစား ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ခြင်းဟု ပြောင်းလဲသင့်ပါသည်။

## Suggestions

***Policy and Regulations***

- အပိုဒ် (၁၃)၊ အပိုဒ် (ခ) ပါ “ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ကို ဥပဒေနှင့်အညီ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း” ဟူ၍ ဖြည့်စွက်လိုအပ်မှုအပေါ် Myanmar Tourism Board- MTB ကို ဖွဲ့စည်းရာတွင် လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန် သတ်မှတ်ခြင်းများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ပြင်ဆင်သတ်မှတ် ဆောင်ရွက်သင့်ပါသည်။

- အပိုဒ် (၁၃)၊ အပိုဒ်(ဂ) ပါ “ဈေးကွက်ချဲ့ထွင်ခြင်း၊ ခရီးစဉ်ဒေသအသစ်များဖော်ထုတ်ခြင်း/ ပြင်ဆင်ခြင်း စသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် သင့်လျော်သော နည်းလမ်းများဖြင့် ရန်ပုံငွေကောက်ခံရရှိရေး ဆောင်ရွက်နိုင်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ရန်ပုံငွေကောက်ခံခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းစစ်ဆေးခံယူခြင်းစသည့်အသေးစိတ်လုပ်ငန်းစဉ်အဆင့်ဆင့်ကိုနည်းဥပဒေဖြင့်ထုတ်ပြန်ပြဋ္ဌာန်းရမည်” ဟူ၍ဖြည့်စွက်လိုမှုအပေါ် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့ဥပဒေပြဋ္ဌာန်းရေးဆွဲ ခြင်းကို ကနဦးအနေဖြင့်ဆောင်ရွက်သင့်ပြီး ယင်းဥပဒေအရ ငွေကြေးရယူသုံးစွဲခွင့်ကို ပြည်ထောင်စုအစိုးရသို့ တင်ပြကာ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်သင့် ပါသည်။



## Suggestions

***Policy and Regulations***

- Budget လျာထားမှုတွင် အသုံးစရိတ်ကို တွေ့ရသော်လည်း ရငွေအပိုင်းတွင် Mynmar Tourism Board – MTB မှ ရှာဖွေရရှိငွေ၊ နိုင်ငံတော်မှ ပံ့ပိုးငွေ၊ အခြားရငွေစသည်ဖြင့် အသုံးစရိတ်နှင့် လျော်ညီသောရငွေကို ဖော်ပြသင့်ပါသည်။ သို့မှသာ နိုင်ငံတော်မှ မည်မျှထောက်ပံ့ရမည်ကို ပေါ်လွင်ပါမည်။

- ခရီးသွားဥပဒေကိုပြင်ဆင်ရာတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ ဖွဲ့စည်းခြင်း ဟူသော သီးခြားအခန်းတစ်ရပ် ဖြည့်စွက်လျှင်ပိုမိုကောင်းမွန်မည် ဖြစ်ပါသည်။

- Myanmar Tourism Board – MTB ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် Myanmar Tourism Board – MTB မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ဥပဒေ (မူကြမ်း) ကို ကနေဦး ကြိုတင်ရေးဆွဲထားသင့်ပါသည်။

## MTB

*Time for Discussions*

- ✓ ဥပဒေနှင့်မူဝါဒပိုင်းဆိုင်ရာများ
- ✓ ဘုတ်အဖွဲ့၏လုပ်ငန်းတာဝန်များ
- ✓ ဘုတ်အဖွဲ့၏ဖွဲ့စည်းပုံ
- ✓ ဘဏ္ဍာငွေရှာဖွေသုံးစွဲမှု



# Myanmar Tourism Board (MTB)

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့

WHAT ? | WHEN ? | WHO ? | HOW ? | WHY ?

# Thank you for your kind attention



# မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

မှ

## ဆွေးနွေးတင်ပြခြင်း

တင်ပြသူ
ဦးကြည်သိန်းကို
အထွေထွေအတွင်းရေးမှူး

*၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ(၄)ရက်။*



## မာတိကာ

၁။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ တည်ထောင်ခြင်း၏ရည်ရွယ်ချက်အားတင်ပြခြင်း။

၂။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ တည်ထောင်နိုင်ရန်အတွက် တင်ပြခဲ့ပုံနှင့် ကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်းအဆင့်ဆင့်အားတင်ပြခြင်း။

၃။ ဖွဲ့စည်းလိုခြင်း၏ အကြောင်းရင်းအားတင်ပြခြင်း။

၄။ ပုဂ္ဂလိက၏ ပါဝင်မှုအခန်းကဏ္ဍအား တင်ပြခြင်း နှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ ၏ ပါဝင်ဆောင်ရွက်ခဲ့မှုအခန်းကဏ္ဍအားတင်ပြခြင်း။

၅။ ခရီးသွားလုပ်ငန်းမှ ရရှိငွေသည် နိုင်ငံတော်၏ GDP အတွက် အထောက်အကူဖြစ်ခြင်းအား တင်ပြခြင်း။

၆။ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ဝန်ကြီးဌာနများအားတင်ပြခြင်း။

၇။ အိမ်နီးချင်းနိုင်ငံများ၌ Tourism Promotion အတွက် အစိုးရမှပံ့ပိုးရန်ပုံငွေများအား တင်ပြခြင်း။

၈။ အိမ်နီးချင်းအာဆီယံနိုင်ငံများမှ ခရီးသွားလုပ်ငန်းရန်ပုံငွေရှာဖွေသည့် နည်းလမ်းများအားတင်ပြခြင်း နှင့် ရန်ပုံငွေသုံးစွဲရန်လိုအပ်ခြင်းအားတင်ပြခြင်း။

၉။ နိုင်ငံတကာအဖွဲ့အစည်းများ၏ဖွဲ့စည်းပုံအားတင်ပြခြင်း။

၁၀။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေတွင် ဖြည့်စွက်လိုသည့်အချက်များအားတင်ပြခြင်း။

၁၁။ အကြံပြုတင်ပြခြင်း။

၁။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ တည်ထောင်ခြင်း၏ရည်ရွယ်ချက်

- မြန်မာနိုင်ငံအား ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာစေရန်၊
- ထိရောက်သော ပြည်တွင်း၊ ပြည်ပ ဈေးကွက်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊
- တာဝန်ယူမှုရှိသော၊ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း ဖြစ်ပေါ်လာစေရန်၊



၂။ **မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ တည်ထောင်နိုင်ရန်အတွက် တင်ပြခဲ့ပုံနှင့် ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်းအဆင့်ဆင့်အား တင်ပြခြင်း**

- အစိုးရနှင့်ပုဂ္ဂလိကမှ ကိုယ်စားလှယ်များ အချိုးကျပါဝင်သော Semi Government အဖွဲ့အစည်းအဖြစ် Myanmar Tourism Board ဖွဲ့စည်းတည်ထောင်နိုင်ရန်အတွက် ယခင်အစိုးရလက်ထက်တွင် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား -
- ၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီ လ (၁၃) ရက်နေ့တွင်လည်းကောင်း၊
- ၂၀၂၀ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့တွင် လည်းကောင်း တင်ပြဆွေးနွေးခဲ့ပါသည်။
- နောက်ဆုံးအကြိမ် တင်ပြချိန်တွင် နိုင်ငံတော်အစိုးရအပြောင်းအလဲများကြောင့် လည်းကောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါများကြောင့်လည်းကောင်း သက်ဆိုင်ရာအထက်ဌာနများသို့ ဆက်လက်တင်ပြမည့်လုပ်ငန်းမှာ ရပ်စိုင်းခဲ့ရပါသည်။






- သို့ဖြစ်ပါ၍ အဆိုပါကိစ္စရပ်အား ၂၀၂၁ခုနှစ်၊ ဇွန်လ (၁၅)ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား လည်းကောင်း၊ စက်တင်ဘာလ (၆)ရက်နေ့ နှင့် နိုဝင်ဘာလ (၁၉)ရက်နေ့များတွင် ပြည်ထောင်စုဝန်ကြီး Dr. ဦးဌေးအောင်ထံသို့ တင်ပြ၍လည်းကောင်း လမ်းညွှန်မှုများခံယူခဲ့ပါသည်။
- မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ ဖြစ်ပေါ်လာစေရန်အတွက် MTF နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ ပါဝင်သော ကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့ပါသည်။
- အဆိုပါ ကော်မတီမှ အစည်းအဝေးများ အကြိမ်ကြိမ်ခေါ်ယူဆွေးနွေး၍ ရရှိလာသည့်ရလဒ်များအား ပြည်ထောင်စုဝန်ကြီးထံ တင်ပြခဲ့ခြင်း ဖြစ်ပါသည်။




## ၃။ ဖွဲ့စည်းလိုခြင်း၏ အကြောင်းရင်းအား တင်ပြခြင်း

- ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘတ်ဂျက်ရန်ပုံငွေ ရရှိမှုနည်းပါခြင်း၊ ပုဂ္ဂလိကကဏ္ဍတွင်လည်း ခိုင်မာသည့် ဘတ်ဂျက်ရန်ပုံငွေ မရှိခြင်းတို့ကြောင့် နိုင်ငံတော် အတွက် ထိရောက်သည့် Promotion များလည်း မဆောင်ရွက်ပေးနိုင်ခြင်း၊
- လက်ရှိ အသင်းအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် အလုပ်အမှုဆောင်များသည် တဖက် တွင်လည်း ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ရှိနေကြသော Volunteer များဖြစ် သည့်အတွက် အသင်းအတွက်အချိန်အများကြီး မပေးနိုင်ခြင်းနှင့် ခရီးသွားမြ င့်တင် ရေးလုပ်ငန်းများအား ထဲထဲဝင်ဝင် မဆောင်ရွက်နိုင်သည့်အတွက် လခစား CEO, CFO များ ခန့်အပ်ဆောင်ရွက်မှသာ ထိရောက်နိုင်ခြင်း၊
- ခိုင်မာသည့် ရန်ပုံငွေ တစ်ခု ရှိရန် လိုအပ်ခြင်း။
- Semi Government ပုံစံဖွဲ့စည်းခြင်းအားဖြင့် Budget ရနိုင်မည့် လမ်းကြောင်းများ ရှိလာနိုင်ခြင်း၊ ထိက်သင့်သည့် လုပ်ပိုင်ခွင့်ရှိလာနိုင်ခြင်း၊ ဝန်ကြီး ဌာနမှ တာဝန်ရှိသူများလည်း ပါဝင်လာမည်ဖြစ်သည့်အတွက် စီမံကိန်းများ အား ပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ခြင်း၊
- Tourism Project များအား နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်ခြင်း နှင့် Grant, Loan များအတွက်လည်း အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ရရှိလာနိုင်ခြင်း၊



- လက်ရှိနိုင်ငံရေးအနေအထားအရ ဖွဲ့စည်းထားသည့် အသင်းမှာလည်း ယခင်လို တောင့်တင်းမှုနှင့် စည်းလုံးမှုမရှိခြင်း။
- သုတေသနလေ့လာချက်တစ်ခုအရ မြန်မာနိုင်ငံကို ကမ္ဘာက သိရှိမှုမှာ အလွန်နည်းပါးကြောင်း သိရှိရပါသည်။ ထို့သို့ သိရှိမှုအလွန်နည်းပါးသည့်အတွက် မြန်မာကို ကမ္ဘာက ကျယ်ကျယ်ပြန့်ပြန့် သိရှိလာအောင် Promotion လုပ်ငန်းများ၊ Marketing လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရမည်ဖြစ်ပြီး Product Quality ကိုလည်း မြှ င့်တင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ထိုသို့ဆောင်ရွက်နိုင်ရန်မှာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသာလျှင် အောင်မြင်နိုင်မှာ ဖြစ်သည့်အတွက် အစိုးရ-ပုဂ္ဂလိက ကိုယ်စားလှယ်များ ပါဝင်သည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့အား ဖွဲ့စည်းလိုခြင်းဖြစ်ပါသည်။



## ၄။ ပုဂ္ဂလိက၏ ပါဝင်မှုအခန်းကဏ္ဍအား တင်ပြခြင်း နှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ ၏ ပါဝင်ဆောင်ရွက်ခွင့်မှု အခန်းကဏ္ဍအား တင်ပြခြင်း

- မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအား ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသာ ခရီးရောက်နိုင်ခြင်း၊
- မိခင်ဝန်ကြီးဌာနဖြစ်သည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအပြင် ဆက်စပ်ဝန်ကြီးဌာနများမှ ပုဂ္ဂလိက အသင်းအဖွဲ့များနှင့် ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုသာလျှင် ခရီးသွားလုပ်ငန်းမှာ ဖွံ့ဖြိုးတိုးတက်အောင်မြင်နိုင်ခြင်း၊
- အိမ်သာမှ ဧည့်လာမှာဖြစ်တဲ့အတွက် ပြည်တွင်းရှိ ခရီးစဉ်ဒေသများအား ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖွဲ့စည်းထားသည့် DMO များနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။
- နယ်စွန်နယ်ဖျားထိ အမာခံအဖြစ်ရှိနေသည့် အဖွဲ့အစည်းများဖြစ်သည့် ဟိုတယ်အသင်း၊ စားသောက်ဆိုင်အသင်း၊ ပြည်တွင်းဘုရားဖူးအသင်း နှင့် ဧည့်လမ်းညွှန်အသင်း၊ သယ်ယူပို့ဆောင်ရေးအသင်းများမှာ MTB ဖွဲ့စည်းရာတွင် မဖြစ်မနေ ပါဝင်ဖွဲ့စည်းရမည့်အသင်းများ ဖြစ်ပါသည်။




- ဗဟိုကော်မတီမှ ချမှတ်လိုက်သည့် မူဝါဒပိုင်းဆိုင်ရာများအား ယခုဖွဲ့စည်းမည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ မှ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- အသင်းအဖွဲ့များမှ ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများ ချမှတ်ရန် ဟိုတယ်/ခရီးမှ အလုပ်ရုံဆွေးနွေးပွဲများကျင်းပသည့်အခါ ဝင်ရောက်ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ခြင်း၊
- ခရီးသွားလုပ်ငန်းဆိုင်ရာ အစည်းအဝေးများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တွေ့ဆုံသည့်အခါ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ဝင်ရောက်ဆွေးနွေးခြင်းများ၊
- ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံကိန်းများတွင် ပါဝင်ရင်းနှီးမြှုပ်ခြင်း၊
- **မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း** မှ နိုင်ငံတကာမှ ဟိုတယ်လုပ်ငန်းရှင်များ ဖိတ်ခေါ်၍ Yangon Then & Now/ Hotel Expo 2019 အား ကျင်းပခြင်း၊ HRD သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကျွမ်းကျင်ပညာရှင်များ ဖိတ်ခေါ်၍ အသိပညာပေး ဟောပြောပွဲများ ကျင်းပပေးခြင်း
- **မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ဈေးကွက်မြှင့်တင်ရေးအသင်းများ**မှ FAM trip များ စီစဉ်ပေးခြင်း၊ Country Branding Tagline များဖြစ်သော "Let the Journey Begin"/"Myanmar Be Enchanted " များ ဖော်ဆောင်ရာတွင် ပူးပေါင်းပါဝင်ခြင်း၊ နိုင်ငံတကာ ခရီးသွားပြပွဲများသို့ မြန်မာနိုင်ငံကိုယ်စားပြုပြခန်း များရယူ၍ ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အသိပညာပေး ဟောပြောပွဲများ ကျင်းပခြင်းနှင့် Digital Marketing များ ဆောင်ရွက်ခြင်း၊




- လက်ရှိတွင်ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဖြစ်ပေါ်နေသည့် ကူးစက်ရောဂါများကြောင့် ခရီးသွားပြပွဲများအား ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြု၍ ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါဝင်တက်ရောက်ခြင်း၊
- **စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း**အနေဖြင့် ပြည်တွင်း၊ ပြည်ပတွင် မြန်မာ့ရိုးရာ အစားအစာပြပွဲများ ကျင်းပခြင်း၊ အစားအသောက်ပြိုင်ပွဲများ ကျင်းပခြင်း၊
- **ပြည်တွင်းဘုရားဖူးအသင်း**မှ ပြည်တွင်းခရီးစဉ်များဆွဲ၍ နိုင်ငံတော်အတွက် တဖက်တလမ်းမှ ဝင်ငွေရှာဖွေပေးခြင်းများ၊
- **ဧည့်လမ်းညွှန်အသင်း**မှ ဧည့်လမ်းညွှန်များအတွက် ဘာသာရပ်ဆိုင်ရာ HRD သင်တန်းများ ပို့ချပေးခြင်း၊
- **လူ့စွမ်းအားရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေးအသင်း နှင့် ကျွမ်းကျင်ပညာရှင်များအသင်း**များမှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းများ ပို့ချပေးခြင်း နှင့် Skill Competition ပြိုင်ပွဲများ ကျင်းပပေးခြင်း၊ National Trainer and Assessor သင်တန်းများ ပို့ချဖွင့်လှစ်ခြင်း၊
- **အမှတ်တရအသင်း**မှ လက်မှုပညာသင်တန်းများအား ပို့ချပေးခြင်း၊




## ၅။ ခရီးသွားလုပ်ငန်းမှ ရရှိငွေသည် နိုင်ငံတော်၏ GDP အတွက် အထောက်အကူဖြစ်ခြင်း

- မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်တွင် ခရီးသွားလုပ်ငန်းကဏ္ဍ သည် အလွန်အရေးပါသော အဓိကကဏ္ဍ ဖြစ်ပါသည်။
- ခရီးသွားလုပ်ငန်းသည် အာဆီယံနိုင်ငံများတွင် GDP ၏ (၆)ရာခိုင်နှုန်းမှ (၁၉)ရာခိုင်နှုန်းအထိ တိုင်းပြည် ဝင်ငွေရှာပေးသော လုပ်ငန်းကြီးဖြစ်ပါသည်။
